**COVID–19 သက်ရောက်မှုကြောင့် ထိခိုက်မှုရှိနေသော စီးပွားရေးလုပ်ငန်းများအား COVID–19 FUND မှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားခြင်းကို ONLINE မှ ဆောင်ရွက်နိုင်ကြောင်း အသိပေးခြင်း**

၁။ COVID–19 သက်ရောက်မှုကြောင့် ထိခိုက်မှုရှိနေသော စီးပွားရေးလုပ်ငန်းများအား COVID–19 Fund မှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားနိုင်ကြောင်း အသိပေးကြေညာချက်ကို ၂၀၂၀ ပြည့်နှစ် မတ်လ ၂၉ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ အဆိုပါကြေညာချက် အရ ချေးငွေလျှောက်ထားလွှာများကို သတ်မှတ်ပုံစံဖြင့် ၂၀၂၀ ပြည့်နှစ် မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၉ ရက်နေ့အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းရုံးများတွင် လက်ခံသွားဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ယခုအခါတွင် COVID–19 ရောဂါပြန့်ပွားမှု ကြိုတင်ကာကွယ်ရေးအတွက် လျှောက်ထားသူများ တစ်နေရာတည်းတွင် အများအပြား စုစည်းနေခြင်း မရှိစေရေးအတွက်လည်းကောင်း၊ လျှောက်ထားသူများ မိမိနေအိမ်၊ မိမိရုံးခန်းမှ သက်သာစွာဖြင့် လျှောက်ထားနိုင်စေရေးအတွက် ချေးငွေလျှောက်ထားလွှာများအား Online မှလည်း လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ ချေးငွေလျှောက်ထားနိုင်ရေးအတွက် https://umfccicovid19loan.mitcloud.com သို့ ဝင်ရောက်၍ Online မှ လျှောက်ထားကြပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**COVID–19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**